မြန်မာဘာသာ

# နိုင်ငံခြားသားနေထိုင်မှုဘဝ ပုံစံလက်စွဲ

## ~ ဘေးကင်းလုံခြုံစွာနေထိုင်နိုင်စေရန် ~

နေထိုင်သောနိုင်ငံဒေသပေါ်မူတည်၍စည်းကမ်းနှင့်ကျင့်ဝတ်များ ကွဲပြားခြားနား ပါသည်။
ထိုစည်းကမ်းနှင့်ကျင့်ဝတ်များကိုမလိုက်နာလျှင်အပြစ်ပေးခံရနိုင်ပါသည်။
ထိုစည်းကမ်းနှင့်ကျင့်ဝတ်များကိုလေ့လာပြီး ရာဇဝတ်မှုဘေးအန္တရာယ်များမှ မိမိကိုယ်ကိုကာကွယ်စောင့်ရှောက်ကာ ငြိမ်းချမ်းစွာနေထိုင်ပါ။




အဇုမိနိုမြို့

လက်စွဲ 01

# နေထိုင်ရာနေရာ

## အိမ်ငှားနေရာပြောင်းရွှေ့ချိန်လိုက်နာရန်စည်းကမ်း




- စာချုပ်တွင်ပါဝင်သောသူသာနေထိုင်နိုင်သည်။
- အိမ်ထောင်ပြုခြင်း သို့မဟုတ် ကလေးမွေးဖွားခြင်းကြောင့် မိသားစုဦးရေ တိုးလာသည့်အခါ သတင်းပို့ရမည်။




- ကျယ်လောင်စွာသီချင်းများဖွင့်ခြင်း၊ ကျယ်လောင်သောဆူညံသံများသည် အခြားနေထိုင်သူများကို အနှောက်အယှက်ဖြစ်စေနိုင်သည်။ အထူးသဖြင့် မနက်စောစောနဲ့ ညနက်ပိုင်းတွေမှာ တိတ်ဆိတ်စွာနေပါ။



- စင်္ကြံ သို့မဟုတ် လှေကားများတွင် ခရီးဆောင်အိတ်များ၊ အမှိုက်များကို မထားပါနှင့်။ သင်နေထိုင်သည့် တိုက်ခန်း၏ စည်းကမ်းများကို လိုက်နာပါ။



- အခန်းပျက်စီးခြင်း၊ ညစ်ပေခြင်းဖြစ်လျှင် ပြုပြင်ခနှုန်းထား များကျခံရနိုင်ပါ သည်။



- အိမ်မွေးတိရစ္ဆာန်များ မွေးမြူလိုပါက အိမ်ခြံမြေကုမ္ပဏီနှင့်အိမ်ရှင်တို့ထံမှ  အတည်ပြုချက်ရယူပါ။

**နားမလည်ပါက အိမ်ခြံမြေကုမ္ပဏီနှင့်အိမ်ရှင်တို့ထံမေးမြန်းပါ။**

လက်စွဲ
02

# နေ့စဉ်လူနေမှုဘဝစည်းမျဉ်းစည်းကမ်း



## ဆေးလိပ်သောက်သောအခါ

- ဆေးလိပ်သောက်ရန်သတ်မှတ်ထားသောနေရာ(smoking area)တွင် သောက်ရန်
- ဆေးလိပ်သောက်ရင်းလမ်းမလျှောက်ရ။
- သောက်ပြီးသောဆေးလိပ်များကိုလမ်းပေါ်တွင်မပစ်ရ။
- လိုက်နာခြင်းမရှိပါက ပတ်ဝန်းကျင်မှလူများအားထိခိုက်စေနိုင်ပါသည်။



## ရာဇဝတ်မှုဖြစ်နိုင်သောဂျပန်နိုင်ငံ၏စည်းမျဉ်းစည်းကမ်းများ

- နေထိုင်ခွင့်ကဒ်နှင့် ကျန်းမာရေးအာမခံကဒ်များအားငှားခွင့်မရှိပါ။
- ဘဏ်စာအုပ်များအား ဝယ်ယူခြင်းရောင်းချခြင်း၊ လွှဲပြောင်းလက်ခံခြင်းများ မပြုလုပ်ရပါ။
- SNSတွင်ကိုယ်ရေးကိုယ်တာအချက်အလက်များတင်ခြင်းကိုရှောင်ကြဉ်ပါ။
- လိုက်နာခြင်းမရှိပါက ရာဇဝတ်မှုတွင်ပါဝင်လာနိုင်ပါသည်။



## အန္တရာယ်ရှိသောပစ္စည်းများသယ်ဆောင်ခြင်းမပြုရန်

- မိမိကိုယ်ကိုကာကွယ်ရန်အတွက်ပင် ဓားကဲ့သို့အန္တရာယ်ရှိသောပစ္စည်းများ အား သယ်ဆောင်မသွားပါနှင့်။
- ဂျပန်နိုင်ငံဥပဒေအရတားမြစ်ထားပြီးအပြစ်ပေးခံရနိုင်ပါသည်။



## အခြားဖြည့်စွက်ချက်

- လမ်းပေါ်တွင်အမှိုက်စွန့်ပစ်ခြင်းမပြုရ။
- လယ်ကွင်းမှဟင်းသီးဟင်းရွက်နှင့် ခြံဝင်းမှပန်းများအား ခွင့်ပြုချက်မရဘဲ မယူရ။
- လိုက်နာခြင်းမရှိပါက မြေပိုင်ရှင်နှင့်ပြဿနာဖြစ်နိုင်သည်။

**စည်းမျဉ်းများနားမလည်သော်လည်း အပြစ်ပေးခြင်းခံရနိုင်မည်ဖြစ် သောကြောင့် သတိထားပါ။**

လက်စွဲ 03

# အခွန်၊ ကျန်းမာရေးအာမခံ၊ ပင်စင်၊ သူနာပြုစောင့်ရှောက်မှုအာမခံ




## အခွန်နှင့်အာမခံကြေးများပေးဆောင်ခြင်း

- နိုင်ငံခြားသားများလည်း အခွန်ပေးဆောင်ရန်လိုအပ်ပါသည်။ သတ်မှတ်ရက်မတိုင်မီမြို့နယ်ရုံး၊ ဘဏ်၊ စတိုးဆိုင်များတွင်ပေးဆောင်ရန်။
- အချိန်မီမပေးဆောင်ပါကနောက်ကျကြေးကောက်ခံပါမည်။ အကျိုးဆက်အဖြစ်လစာ၊ ချေးငွေ၊ ကားနှင့်အခြားသောပိုင်ဆိုင်မှုများအား ထိခိုက်နိုင်ပါသည်။



## အမျိုးသားကျန်းမာရေးအာမခံ

- အမျိုးသားကျန်းမာရေးအာမခံစနစ်အောက်တွင် ဂျပန်နိုင်ငံတွင်နေထိုင်သူအားလုံးစိတ်အေးချမ်းသာ စွာဆေးကုသမှုခံယူနိုင်ရန် ဆေးအာမခံတွင် စာရင်းသွင်းရန်လိုအပ်ပါသည်။
- နိုင်ငံသားမခွဲခြားဘဲဂျပန်နိုင်ငံတွင် ၃လကျော်နေထိုင်သော နိုင်ငံခြားသားများလည်း ကျန်းမာရေးအာမခံတွင် စာရင်းသွင်းရန်လိုအပ်ပါသည်။




## အမျိုးသားပင်စင်

- အမျိုးသားပင်စင်သည် အသက်အရွယ်ကြီးလာသောအခါ မတော်တဆနှင့် နာမကျန်းမှုကြောင့်မသန်မစွမ်းဖြစ်ခြင်း (သို့မဟုတ်) သေဆုံးလျှင် အစိုးရမှပံ့ပိုးပေးသော စနစ်ဖြစ်သည်။
- နိုင်ငံခြားသားများအပါအဝင် အသက် ၂၀မှ ၅၉နှစ်ကြား ဂျပန်နိုင်ငံတွင် နေထိုင်သောသူအားလုံးသည် အမျိုးသားပင်စင်စနစ်တွင် စာရင်းသွင်းရပါမည်။



## သူနာပြုစောင့်ရှောက်မှုအာမခံ

- သူနာပြုစောင့်ရှောက်မှုအာမခံတွင် ယေဘူယျအားဖြင့် အသက်၄၀အထက်ရှိသောသူများအားလုံး အကျုံးဝင်သည်။
- အသက်၆၅နှစ်အထက်ရှိသောသူများနှင့် အသက်၄၀မှ ၆၄နှစ်အတွင်းရှိသောသူများ အတွက် အာမခံကြေးဆုံးဖြတ်ခြင်းနှင့်ပေးချေပုံ ဝန်ဆောင်မှုအခြေအနေများသည် ကွဲပြားပါသည်။

**ပေးချေပုံနည်းလမ်းများနားမလည်ပါက မြို့နယ်ရုံးတွင် မေးမြန်းနိုင်ပါသည်။**

လက်စွဲ 04

# အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစည်းကမ်းများ

- အမှိုက်များကို (လောင်ကျွမ်းနိုင်သောအမှိုက်၊ မလောင်ကျွမ်းနိုင်သောအမှိုက်၊ ပလတ်စတစ်)စသဖြင့် ခွဲခြမ်းပြီး သတ်မှတ်ထားသော အမှိုက်အိတ်များဖြင့်ထည့် ပါ။
- ပင်မစာမျက်နှာတွင်ပါရှိသောအမှိုက်ပစ်ရန်ပြက္ခဒိန်ကိုကြည့်ပြီး သတ်မှတ်ထားသော နေ့ရက်၊ အချိန်၊ နေရာများတွင်အမှိုက်စွန့်ပစ်ပါ။
- အမှိုက်အိတ်ပေါ်တွင် ခရိုင်အမည်နှင့်မိမိအမည်ကို ဘောပင်အမည်းဖြင့်ရေးပါ။
- လိုက်နာရန်ပျက်ကွက်ပါက ဒေသခံများ၏တိုင်ကြားမှုနှင့် နောက်ဆက်တွဲ ပြဿနာများဖြစ်ပွားလာနိုင်သည်။




※နေထိုင်သည့်နေရာပေါ်လိုက်၍ အမှိုက်စွန့်ပစ်ပုံကွဲပြားပါသည်။
အိမ်ခြံမြေကုမ္ပဏီသို့မဟုတ် အိမ်ရှင်နှင့်အတည်ပြုမှုရယူပါ။

▶အနီရောင်အမှတ်အသားပါသောအမှိုက်အိတ်(လောင်ကျွမ်းနိုင်သောအမှိုက်)သည် အစားအသောက်စွန့်ပစ်ပစ္စည်း၊ စက္ကူများ၊ သစ်ကိုင်းအခက်အလက်များအတွက် ဖြစ်သည်။




▶အဝါရောင်အမှတ်အသားပါသောအမှိုက်အိတ်(ပလတ်စတစ်)သည် ပလတ်စတစ်အမှိုက်များအတွက် ဖြစ်သည်။




**အမှိုက်များကို ခွဲခြားပါ**

▶အပြာရောင်အမှတ်အသားပါသောအမှိုက်အိတ်(မလောင်ကျွမ်းနိုင်သောအမှိုက်)သည် သတ္တု၊ ဖန်၊ ကြွေထည်များအတွက် ဖြစ်သည်။




▶ပလတ်စတစ်ဗူး၊ ပုလင်း၊ အလူမီနီယံဗူး၊ စတီးဗူး၊ စက္ကူများအားအမှိုက်သိမ်း သည့်နေရာရှိ ကွန်တိန်နာတွင်စွန့်ပစ်ပါ။




- အရွယ်အစားကြီးမားသောအမှိုက်များကို ခွင့်ပြုချက်ရသောကုမ္ပဏီတွင်သယ်ယူ ရမည်ဖြစ်ပြီး စွန့်ပစ်ခပေးဆောင်ရမည်ဖြစ်ပါသည်။ လာရောက်သယ်ယူပေးသော ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများလည်းရှိပါသည်။

▶အရွယ်အစားကြီးမားသောအမှိုက်နမူနာ



လက်စွဲ 05

# စက်ဘီးအသုံးပြုချိန်စည်းကမ်းများ

## မှုခင်းကြိုတင်ကာကွယ်ရန်မှတ်ပုံတင်ခြင်း

- စက်ဘီးဝယ်ယူသူသည် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မှတ်ပုံတင်ပါ။
- စက်ဘီးမှတ်ပုံတင်ခြင်းသည် ခိုးယူခံရခြင်း ပျောက်ဆုံးခြင်းတွင် အထောက်အကူ ဖြစ်စေပါသည်။





## အာမခံလိုအပ်ပါသည်။

- စက်ဘီးစီးလျှင်စက်ဘီးအာမခံသေချာစွာထုတ်ပါ။
- စက်ဘီးအာမခံသည် စက်ဘီးစီးနေစဥ်အတွင်း ဖြစ်ပေါ်သော အတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာများအတွက်လျော်ကြေးငွေ ရယူနိုင်ပါသည်။



## လမ်းစည်းကမ်းများ

- မီးပွိုင့်များကိုလိုက်နာပါ။
- လမ်း၏ဘယ်ဘက်ခြမ်းတွင်မောင်းနှင်ပါ။
- စက်ဘီးစီးနေစဥ်ဦးထုပ်ဆောင်းပါ။
- ညဘက်နှင့်မှောင်လာချိန်တွင် မီးဖွင့်ပါ။
- အခြားစက်ဘီးများနှင့်ယှဥ်မစီးပါနှင့်။
- အရက်မူးပြီးစီးနင်းခြင်းကို တားမြစ်ပါသည်။
- စက်ဘီးစီးနေစဥ်အတွင်းလက်ကိုင်ဖုန်းအသုံးမပြုရပါ။
- နားကြပ်တပ်ထားပြီးစီးနင်းခြင်းမပြုရပါ။
- လူ၂ယောက်ထက်ပိုပြီးမစီးပါနှင့်။
(ကလေးထိုင်ခုံအသုံးပြုချိန်မှအပ)



လက်စွဲ 06

# ဂျပန်စာလေ့လာချင်သည့်အချိန်

အဇုမိနိုမြို့တွင် စေတနာတန်ထမ်းများမှနေရာ၄ခုတွင် အခမဲ့သင်တန်းများကို ပြုလုပ်ပေးလျက်ရှိပါသည်။
ကြိုတင်စာရင်းပေးစရာမလိုဘဲ မည်သူမဆိုတက်ရောက်နိုင်ပါသည်။




## အဇုမိနိုမြို့ရှိဂျပန်ဘာသာသင်တန်း

### ▶ဟိုတက



**နေရာ** ဟိုတကစင်တာ　ဟောပြောခန်း
**အချိန်** အပတ်စဉ်စနေနေ့
နေ့လည် ၂နာရီမှ ညနေ၄နာရီ
**လိပ်စာ** 〒399-8303　အဇုမိနိုမြို့ ဟိုတက 5047

### ▶တိုယိုရှိန



**နေရာ** တိုယိုရှိနထောက်ပံ့ရေးစင်တာ　သက်တံ
**အချိန်** အပတ်စဉ်တနင်္ဂနွေနေ့
နံနက်၁၀ နာရီမှ နေ့လည်၁၂ နာရီ
**လိပ်စာ** 〒399-8205　အဇုမိနိုမြို့ တိုယိုရှိန 4030-4

### ▶မိဆတို



**နေရာ** မိဆတိုကွန်မျူနတီစင်တာဒုတိယထပ်
ဟောပြောခန်း
**အချိန်** အပတ်စဉ်စနေနေ့　ည၇ နာရီမှ ၉ နာရီ
**လိပ်စာ** 〒399-8101
အဇုမိနိုမြို့ မိဆတိုအကိမိုရိ 4810-1

### ▶အကရှိန



**နေရာ** အကိရှိနကွန်မျူနတီစင်တာဒုတိယထပ်
အစည်းအဝေးခန်း၂
**အချိန်** အပတ်စဉ်ဗုဒ္ဓဟူးနေ့　ည၇ နာရီမှ ၉ နာရီ
**လိပ်စာ** 〒399-7102
အဇုမိနိုမြို့ အကရှိတနဂကဝတ့် 6824-1

**အတန်းနားရက်များရှိသည်ကို သတိပြုပါ။**

ဂျပန်ဘာသာသကားသင်တန်းများအကြောင်းပိုမိုသိရှိလိုပါက အဇုမိနို မြို့နယ်ရုံး သင်ကြားရေးဌာနတွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**0263-71-2466**

လက်စွဲ 07

# အရေးပေါ်အခြေအနေ

## မတော်တဆ သို့မဟုတ် အဖြစ်အပျက်

**110**


မတော်တဆမှုနှင့် မှုခင်းဖြစ်ပွားပါက ရဲကိုဖုန်းဆက်ပါ။




## မီးလောင်ခြင်း၊ ရုတ်တရက်ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း

**119**

မီးလောင်မှု၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဦးစွာအသိပေးပါ။






လက်စွဲ 08

# ဆွေးနွေးတိုင်ပင်လိုသောအခါ

အဇုမိနိုမြို့မှ လက်ခံရရှိသောစာအား မည်သည့်နေရာသို့ ဆွေးနွေးရမည်ကို မသိခြင်း သို့မဟုတ် မဖတ်နိုင်ခြင်းတို့ကဲ့သို့ စိုးရိမ်နေပါက အဇုမိနိုမြို့နယ်ရုံး ရှိ နိုင်ငံခြားသားအတိုင်ပင်ခံရုံးသို့လာရောက်ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

## အဇုမိနိုမြို့နယ်ရုံး ပထမထပ် နိုင်ငံခြားသားအတိုင်ပင်ခံကောင်တာ

**လိပ်စာ**
〒399-8281
အဇုမိနိုမြို့ တိုယိုရှိန 6000

**အချိန်**
ရက်သတ္တပတ်ရက်များ
နံနက်၉နာရီမှ နေ့လည် ၁၂နာရီ
နေ့လည် ၁နာရီမှ ညနေ ၅နာရီ

**ဖုန်း**
0263-71-2088
090-4884-2000



2025.03